YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

# Press Release

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန် - ဟန်ကျိုး တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြေညာ

- ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့သည်။

**ရန်ကုန် - ဒီဇင်ဘာလ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်** - မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) မှ ခရီးသည်များအတွက် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ၊ ဟန်ကျိုးမြို့ သို့ Sichaun Airlines ဖြင့် တစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်ချိတ်ဆက်ပျံသန်း ပေးနေပြီဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန် - ဟန်ကျိုး ခရီးစဉ်သစ် သည် Sichuan Airlines ၏ နိုဝင်ဘာလ က စတင်ပြေးဆွဲခဲ့သော ရန်ကုန် - ရှီအန်း ခရီးစဉ် အပြီး ရန်ကုန်နှင့် တရုတ်နိုင်ငံ အကြား ချိတ်ဆက် ပျံသန်းသော ဒုတိယမြောက်ခရီးစဉ်ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်သစ် အတွက် Sichuan Airlines မှ ခရီးသည် ဦးရေ ၁၈၇ သယ်ဆောင်နိုင်သည့် Airbus A320 လေယာဉ် ဖြင့် တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ ကြေညာချက်သည် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသွားများ အား Visa on Arrival ဝန်ဆောင်မှု စတင်ခွင့်ပြုပေးပြီးသည့်နောက် တရုတ်ပြည်မကြီးမှ ခရီးသွားဦးရေ တိုးတက်လာခြင်းနှင့်အတူ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ဤခရီးစဉ်အသစ် ဖွင့်လှစ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့ နှင့် ကျဲ့ကျန်း ပြည်နယ် ၏ မြို့တော် ဟန်ကျိုးမြို့ တို့တွင် ခရီးသွားလုပ်ငန်း အရှိန်အဟုန် မြှင့်တင်နိုင်ရန် မျှော်လင့်ပါသည်။

Sichuan Airlines သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ချိတ်ဆက်ပျံသန်းလျက်ရှိသော ၃၁ လိုင်းမြောက် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတစ်လိုင်း ဖြစ်ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အနေဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ချိတ်ဆက်၍ ခရီးစဉ်သစ်များ ဆက်လက် တိုးချဲ့နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ကဏ္ဍ ကို မြှင့်တင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

Sichuan Airlines ၏ ဟန်ကျိုးနှင့် ရှီအန်း ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို မြန်မာနိုင်ငံ မှ ခရီးသွားဝန်ဆောင်မှု အရောင်းကိုယ်စားလှယ်များ နှင့် Sichuan Airlines ၏ Official Website စာမျက်နှာ ဖြစ်သည့် www.sichuanair.com တို့တွင် စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ရန်ကုန် - ဟန်ကျိုး ခရီးစဉ် အချိန်စာရင်း**

| Monday/Wednesday/Friday | | |
|---|---|---|
| **Flight No.** | **Departure** | **Arrival** |
| **3U – 8278** | Yangon (1:30 am) | Hangzhou (7:00am) |
| **3U – 8277** | Hangzhou (9:10 pm) | Yangon (11:40 pm) |

(လေယာဉ်ထွက်ခွာချိန်နှင့် ဆိုက်ရောက်ချိန်များမှာ ဒေသစံတော်ချိန်များ ဖြစ်ပါသည်)




- END -

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဂန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဂသော နိုင်ငံတကာအဆင့်မီဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီး များနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဂေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ် အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။